The Suppression of Corruption (Amendment) Act 1951
(Act No XVI of 1951)

# ၁၉၅၁ ခုနှစ်၊ အဂတိ လိုက်စားမှုတားမြစ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၁ ခုနှစ်၊ အက်ဥပဒေအမှတ် ၁၆။]

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၁ ခုနှစ်၊ အဂတိ လိုက်စားမှု တားမြစ်ရေး (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။၁၉၄၈ ခုနှစ်၊ အဂတိလိုက်စားမှု တားမြစ်ရေး အက်ဥပဒေ၏ ပုဒ်မ ၄၊ ပုဒ်မခွဲ (၁) ၌—

(က) အပိုဒ် (ဃ) နောက်တွင် အောက်ပါ <u>ရှင်းလင်းချက် ၁</u> ကို ထည့်သွင်းရမည်။

"<u>ရှင်းလင်းချက် ၁</u>။ ။'အကျင့်ဖေါက်ပြန်မှု'၊သို့တည်းမဟုတ်'ဖေါက်လွဲဖေါက်ပြန်ပြုမှု' ဆိုသည့်စကားရပ်တွင်၊ မှားသောစီမံအုပ်ချုပ်မှု၊ သို့တည်းမဟုတ် မှားသောပြုမှု၊ သို့တည်းမဟုတ် မှားသော ပျက်ကွက်မှု၊သို့တည်းမဟုတ် ရှိရင်းအခြေအနေများတွင်မပြုသင့်သော အရာကိုပြုမှု၊ သို့တည်းမဟုတ် ရှိရင်းအခြေအနေများတွင် ပြုသင့်သောအရာကိုမပြုမှုပါဝင်သည်။" ကို ပြင်

(ခ) ရှိရင်း <u>ရှင်းလင်းချက်</u> ကို <u>ရှင်းလင်းချက် ၂</u> ဟု အမှတ်စဉ်ရမည်။

G.U.B.C.P.O.—No. 136, M. of J.A., 11-5-51—2,000—II.
Price,—One anna.]